(၂၀၁၇) မြေသိမ်းဥပဒေ မူကြမ်းဖျက်သိမ်းပေးရန်နှင့်

(၂၀၁၂) လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေများအပေါ်

ပြန်လည်ပြင်ဆင်သည့် ဥပဒေများအား ကန့်ကွက်ခြင်း

(သဘောထားထုတ်ပြန်ကြေညာချက်)

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ဖေဖော်ဝါရီလ ၊(၅)ရက်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်နှင့် မြောင်းမြမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၊ ဥပဒေပညာရှင်များ၊ တောင်သူလယ်သမားသမဂ္ဂများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများပါဝင်၍ (၂.၂.၂၀၁၈) မှ (၃.၂.၂၀၁၈)ထိ လပွတ္တာမြို့တွင် ကျင်းပပြုလုပ်သော (၂၀၁၇) မြေသိမ်းဥပဒေမူကြမ်း/ (၂၀၁၂) လယ်ယာမြေ ဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေများအား ပြန်လည်ပြင်ဆင်သည့် ဥပဒေများအပေါ် ဆွေးနွေးညှိနှိုင်း သုံးသပ်ချက်များအရ သက်ဆိုင်ရာဥပဒေများအား ကန့်ကွက်ခြင်း၊ ဖျက်သိမ်းပေးခြင်း၊ စသည်တို့အား သဘောထား ထုတ်ပြန်လိုက်ပါသည်။

၁။ (၂၀၁၂) လယ်ယာမြေဥပဒေပြင်ဆင်ချက်သည်

- လက်ရှိဖြစ်ပေါ်နေသော လယ်ယာအငြင်းပွားမှု ပြဿနာများ ဥပဒေမဲ့မြေသိမ်းဆည်းခံရမှုများအားဖြေရှင်းနိုင်မှု အားနည်းခြင်း
- မြေသိမ်းမှုများသည် ဥပဒေမဲ့အမိန့်အာဏာဖြင့် သိမ်းဆည်းခဲ့သော်လည်း မူလပိုင်ရှင်ထံသို့မြေပြန်လည်ပေးရမည့်အခါ အထောက်အထား မခိုင်လုံမှုကြောင့်ဟု အကြောင်းပြမှုများ ရှိခြင်း
- တိုင်းရင်းသားဒေသများ၏ ဓလေ့ထုံးတမ်း မြေယာအသုံးချ အကျိုးခံစားမှုများအား လျစ်လျူရှုခံထားရခြင်း
- အချုပ်အာဏာဖြင့် ဤဥပဒေသည် ပြဿနာများကို မဖြေရှင်းနိုင်သည့်အပြင် ပိုမိုရှုပ်ထွေးလာစေခြင်း

၂။ (၂၀၁၂) မြေလွတ်၊ မြေလပ်၊ မြေရိုင်း ပြင်ဆင်ချက်ဥပဒေသည်

- နိုင်ငံသားတို့၏ မူလရပိုင်ခွင့်၊ တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းမြေ အသုံးချမှုများအားမျက်ကွယ်ပြုခြင်း
- ဒေသခံတောင်သူများ မြေမဲ့၊ ယာမဲ့ဘဝသို့ ရောက်ရန် ထပ်မံအခက်အခဲ ဖြစ်စေမည့်ဥပဒေဖြစ်ခြင်း
- ဒေသခံဆောင်သူများ၏ အခွင့်အရေးထက် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များ၏ အကျိုးစီးပွားကိုသာ ဦးတည်ခြင်း

၃။ (၂၀၁၇) မြေသိမ်းဥပဒေကြမ်းသည်

- ဥပဒေမဲ့သိမ်းဆည်းခံရမှုများကြောင့် နစ်နာမှုများအား ပြန်လည်မကုစားနိုင်သည့်အပြင် ဥပဒေဖြင့် ထပ်မံအတည်ပြုပေးမည့် အခြေအနေဖြစ်စေခြင်း
- (၂၀၁၇) မြေသိမ်းဥပဒေသည် အနာဂတ်ကာလ တောင်သူများ၏ မြေယာများအား လက်လွတ်ဆုံးရှုံးစေပြီး လက်ဝါးကြီးအုပ်မြေရှင်စနစ်အား တွန်းအားပေးမည့် အခြေအနေဖြစ်နေခြင်း

စသည့်အကြောင်းအချက်များအရ (၂၀၁၂)လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေများ၏ ပြန်လည်ပြင်ဆင်သည့် ဥပဒေများအား ကန့်ကွက်ခြင်း

(၂၀၁၇)မြေသိမ်းဥပဒေ မူကြမ်းအား လုံးဝဖျက်သိမ်းပေးရန် တောင်းဆို
(သဘောထားထုတ်ပြန်) လိုက်ပါသည်။

တောင်သူလယ်သမားသမဂ္ဂ

လပွတ္တာမြို့နယ်

သဘောထားထုတ်ပြန်ချက်တွင် ပူးပေါင်းပါဝင်သော အဖွဲ့အစည်းများ

1. ဧရာဝတီတိုင်း တောင်သူလယ်သမားသမဂ္ဂ
2. မြေယာအရေးတက်ကြွ လှုပ်ရှားသူများအဖွဲ့(AGFA)ရန်ကုန်
3. လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS)လပွတ္တာမြို့နယ်
4. လူ့ဘောင်သစ်လူငယ် (YNS)
5. အဖြူရောင်ဧရာဝတီလူငယ်အဖွဲ့.(လပွတ္တာ)
6. မြန်မာနိုင်ငံတောင်သူလယ်သမားစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM – IUF)
7. နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့.(လပွတ္တာခရိုင်)
8. နလုံးသားကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့.(လပွတ္တာမြို့နယ်)
9. ဂရုဏာမျက်ဝန်း ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့(လပွတ္တာမြို့နယ်)
10. နာရေးကူညီမှုအသင်း (လပွတ္တာမြို့နယ်)
11. မြင့်မြတ် လူမှုကူညီမှုအသင်း (လပွတ္တာမြို့)
12. တောင်သူလယ်သမားသမဂ္ဂ (မော်ကျွန်းမြို့)
13. ရောင်နီဦး အမျိုးသမီးလူမှု ဖွံ့ဖြိုးရေးအဖွဲ့.(ကျိုက်လတ်မြို့)